# စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

NYAN LYNN THIT ANALYTICA

## သုတေသနနည်းနာ

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဆိုသည်မှာ ခုခံနိုင်ခြင်းမရှိသည့် လက်နက်မဲ့သူများ အထူးသဖြင့် အပြစ်မဲ့အရပ်သားအများအပြားကို သတ်ဖြတ်ခြင်းကို ဆိုလိုပါသည်။ ထိုသတ်ဖြတ်မှုများမှာ အချိန်အတိုင်းအတာတခုအတွင်း နေရာတခု (သို့) ဒေသတခု၌ အစုအဖွဲ့တခုမှ ကျူးလွန်ခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင် အရပ်သားများအကြမ်းဖက်သတ်ဖြတ်ခြင်းခံရသည့် ပုံစံအမျိုးအစားများကိုပါ ထည့်သွင်းစဉ်းစားပါသည်။ ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄) လတာ ကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် အရပ်သား (၅)ဦးနှင့် (၅)ဦးအထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များကို လေ့လာဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ဤအချက်အလက်များကို တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သောသတင်းမီဒီယာ စုစုပေါင်း (၅၃) ခုမှ ဖော်ပြချက်များကို အခြေခံကာ ထုတ်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။

## ၂၀၂၃ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ


၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄) လတာအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သော အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ပေါင်း အနည်းဆုံး (၃၇) ကြိမ်ရှိခဲ့ပြီး အရပ်သားသေဆုံးသူ စုစုပေါင်း (၂၈၃) ဦး ရှိခဲ့သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄) လတာအတွင်း စစ်အုပ်စုသည် တိုက်ပွဲဖြစ်ပွားစဉ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဉ်ဖြစ်စေ၊ လေကြောင်းအသုံးပြု၍ဖြစ်စေ၊ လက်နက်ကြီးအသုံးပြု၍ဖြစ်စေ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့သည်။



**ဖြစ်စဉ်ပေါင်း**

**၃၇**

၂၀၂၃ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း
လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်
အနည်းဆုံး (၃၇) ခု ထိရှိခဲ့သည်။



အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် **၂၈၃**


တိုက်ပွဲဖြစ်ပွားနေစဉ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေစဉ် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် **၁၄၂**

၂၀၂၃ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း တိုက်ပွဲဖြစ်ပွားနေစဉ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေစဉ် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသောအရပ်သားအရေအတွက်သည် စုစုပေါင်း၏ ၅၀%ရှိသည်။

# ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

NLTA
NYAN LYNN THIT ANALYTICA

- ၅ ဦး
- ၁၀ ဦး
- ၃၀ ဦး




| မြို့နယ် | သေဆုံးသူစုစုပေါင်း |
|---|---|
| ဝိုင်းမော် | ၂၉ ဦး |
| ထီးချိုင့် | ၂၅ ဦး |
| လှိုင်ကော် | ၂၀ ဦး |
| မတ္တရာ/စစ်ကိုင်း | ၁၉ ဦး |

## (၁) တိုက်ပွဲဖြစ်ပွားစဥ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဥ် သတ်ဖြတ်ခြင်း

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄) လတာကာလအတွင်း စစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဥ်များတွင် တိုက်ပွဲဖြစ်ပွားစဥ်နှင့် နယ်မြေရှင်းလင်းရေး လုပ်ဆောင်စဥ် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှာ အများဆုံးဖြစ်သည်ကိုတွေ့ရပြီး ထိုဖြစ်စဥ်များကြောင့် သေဆုံးခဲ့ရသော အရပ်သားအရေအတွက်မှာလည်း အများဆုံးဖြစ်ခဲ့သည်ကို တွေ့ရသည်။ စစ်အုပ်စုသည် တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားရာဒေသများအနီးရှိ ကျေးရွာများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအားကောင်းသည်ဟု ယူဆသည့်ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်ကာ အရပ်သားများကို ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ အရပ်သားအလောင်းများနှင့် နေအိမ်များကို မီးရှို့ခြင်း စသည်ဖြင့် ကျူးလွန်ခဲ့ကြသည်။

တိုက်ပွဲဖြစ်ပွားစဥ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဥ် စစ်အုပ်စုမှ အရပ်သားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဥ် အနည်းဆုံး (၂၀) ခုရှိခဲ့ပြီး သေဆုံးသူ စုစုပေါင်း (၁၄၂) ဦးရှိခဲ့သည်။ အဆိုပါဖြစ်စဥ်များမှာ ကချင်တွင် (၁)ခု၊ ကရင်တွင် (၁)ခု၊ ကရင်နီတွင် (၁)ခု၊ စစ်ကိုင်းတွင် (၈) ခု၊ တနင်္သာရီတွင် (၁)ခု၊ ပဲခူးတွင် (၂) ခု၊ မန္တလေးတွင် (၄) ခု၊ ရှမ်း(မြောက်ပိုင်း)တွင် (၁)ခုနှင့် ရှမ်း(တောင်ပိုင်း)တွင် (၁)ခု ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် ရှမ်း (မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာတိုက်ပွဲဖြစ်ပွားအတွင်း စစ်အုပ်စုမှ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား (၅) ဦး သေဆုံးခဲ့သည့်ဖြစ်စဥ်လည်း ပါဝင်သည်။

ထို့အပြင် တော်လှန်ရေးတပ်ဖွဲ့ဝင်များအပေါ် စစ်ရာဇဝတ်မှုကျူးလွန်ကာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော ဖြစ်စဥ်စုစုပေါင်း (၄)ခု ရှိခဲ့ပြီး စစ်ကိုင်း (၃)ခုနှင့် မကွေး (၁)ခု ဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် (၂၆) ဦးကို ဖမ်းဆီးသတ်ဖြတ်ပြီး စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သောဖြစ်စဥ်သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့က စစ်ကိုင်း၊ မြင်းမူမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

## (၂) လေကြောင်း တိုက်ခိုက်မှုကြောင့်ဖြစ်စေ၊ လေကြောင်းအကူအညီဖြင့်ဖြစ်စေ သတ်ဖြတ်ခြင်း

စစ်အုပ်စုက အရပ်သားများအပေါ် ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဥ်များတွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ လေကြောင်းအသုံးပြုတိုက်ခိုက်မှုဖြစ်စဥ်များလည်း ပါဝင်သည်။ နိုင်ငံတဝှမ်းတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း စစ်အုပ်စု၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သားများအစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည့်ဖြစ်စဥ် အနည်းဆုံး (၁၀) ခု ရှိခဲ့ပြီး သေဆုံးသူ စုစုပေါင်း (၁၂၆) ဦး ရှိခဲ့သည်။ အဆိုပါဖြစ်စဥ်များကြောင့်သေဆုံးခဲ့ရသည့် အရပ်သားများမှာ ကချင်တွင် (၂၉)ဦး၊ ကရင်တွင် (၅)ဦး၊ ကရင်နီတွင် (၁၅)ဦး၊ ချင်းတွင် (၁၁)ဦး၊ စစ်ကိုင်းတွင် (၃၆) ဦး၊ ပဲခူးတွင် (၅) ဦးနှင့် ရှမ်း(မြောက်ပိုင်း)တွင် (၂၅)ဦးတို့ဖြစ်ကြသည်။

## (၃) လက်နက်ကြီးဖြင့် သတ်ဖြတ်ခြင်း

စစ်အုပ်စု၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားများ၏ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရပြီး ကလေးငယ်များအပါအဝင် အရပ်သားများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄) လတာကာလအတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်အုပ်စု၏ လက်နက်ကြီးဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ် အနည်းဆုံး (၃) ခု ရှိခဲ့ကာ စစ်ကိုင်းနှင့်မကွေးတွင် အရပ်သား (၅) ဦးစီ သေဆုံးခဲ့ပြီး ရခိုင်တွင်လည်း သေဆုံးသူ (၅) ဦးထိ ရှိခဲ့သည်။



**ဖြစ်စဉ်ပေါင်း**

**၂၁၀**

၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဒီဇင်ဘာလအထိ စစ်အုပ်စုမှကျူးလွန်ခဲ့သော လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်သည် အနည်းဆုံး (၂၁၀) ခုထိရှိခဲ့သည်။




အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် — စုစုပေါင်း **၂၀၇၉**


၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဒီဇင်ဘာလအထိ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသော ဖြစ်စဉ်နှင့် သေဆုံးမှုများ၏ ၅၀% ကျော် သည် စစ်ကိုင်း တွင် ဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရသည်။

စစ်ကိုင်းဒေသအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် — စုစုပေါင်း **၁၀၅၄**

စစ်ကိုင်းဒေသအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ် — အနည်းဆုံး **၁၀၈**




၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဒီဇင်ဘာလအထိ
စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြောင့်သေဆုံးခဲ့သောအရပ်သားအရေအတွက်ကို ဒေသအလိုက်ပြပုံ





၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဒီဇင်ဘာလအထိ
စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်များကို ဒေသအလိုက်ပြပုံ

ထို့အပြင် ၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဒီဇင်ဘာလအထိ တော်လှန်ရေးတပ်ဖွဲ့ဝင်များအပေါ် စစ်ရာဇဝတ်မှုကျူးလွန်ကာ အစုလိုက်အပြုံလိုက် ဖမ်းဆီးသတ်ဖြတ်ခဲ့သော ဖြစ်စဉ်စုစုပေါင်း (၁၇)ခု ရှိခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့်အတူ အရပ်သားများပါ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံခဲ့ရသော ဖြစ်စဉ်အချို့လည်းရှိခဲ့သည်။

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

NYAN LYNN THIT ANALYTICA

- ၂၀ ဦး
- ၈၀ ဦး
- ၂၀၀ ဦး




| မြို့နယ် | သေဆုံးသူစုစုပေါင်း |
|---|---|
| ကန့်ဘလူ | ၂၁၇ ဦး |
| ယင်းမာပင် | ၁၀၀ ဦး |
| ဖားကန့် | ၉၀ ဦး |
| ပဲခူး | ၈၂ ဦး |